ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၂၀ / ၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို " မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ" ဟုခေါ်တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများတွင် ပါရှိသည့် "သတ္တုတွင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ် အသီးသီးကို "ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ(စ)ကို ပယ်ဖျက်ရမည်။

၄။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၇ ၊ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါ အတိုင်း အစားထိုးရမည်-

"၇။ (ဂ) ဥပဒေပုဒ်မ ၅ ၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုမိန့် ရရှိသူမှ ခွင့်ပြုမိန့် သက်တမ်း မကုန်မီ ၃ နှစ် ကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားလာပါက စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက တစ်ကြိမ်လျှင် ၅ နှစ်စီဖြင့် သက်တမ်းတိုးမြှင့် ပေးနိုင်သည်။"

၅။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ) တွင် ပါရှိသော "ကျပ်သိန်းနှစ်ဆယ်" ဆိုသည့် စကားရပ်အသီးသီးကို "၁၀၀,၀၀၀,၀၀၀ (ကျပ် သိန်းတစ်ထောင်တိတိ)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၁၊ နည်းဥပဒေ ၁၂ နှင့် နည်းဥပဒေ ၁၃ တို့အား ပယ်ဖျက်ရမည်။

၇။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (က) တွင် ပါရှိသော "နည်းဥပဒေ ၁၂ အရ" ဆိုသည့်စကားရပ်ကို "နည်းဥပဒေ ၁၅ အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ခွဲငယ်(၃)နှင့် နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ(က)တို့တွင် ပါရှိသော "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ် အသီးသီးကို "စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီး ဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေ ခွဲငယ်(၆)တွင် ပါရှိသော "သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစား ထိုးရမည်။

၁၀။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (က) တွင် ပါရှိသော "နည်းဥပဒေ ၂၄ အရ" ဆိုသည့် စကားရပ်ကို "နည်းဥပဒေ ၂၅ အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၇ အား ပယ်ဖျက်ရမည်။

၁၂။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၈ အား အောက်ပါအတိုင်း အစားထိုး ရမည်-

"၃၈။ (က) ခွင့်ပြုမိန့် ရရှိသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ အရင်းကြေ ကာလ သို့မဟုတ် လုပ်ငန်းစတင်သည်မှ ၇ နှစ်ထက် မပိုသော ကာလ၊ ထိုကာလနှစ်ရပ် အနက် စောရာကာလတွင် ရင်းနှီးမြှုပ်နှံမှု၏ တစ် ရာခိုင်နှုန်းကိုလည်းကောင်း၊ ယင်းကာလ၏ နောက်ပိုင်းကာလတွင် အမြတ် ၏ နှစ်ရာခိုင်နှုန်းကိုလည်းကောင်း သက်ဆိုင်ရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် နှစ်စဉ်ထည့်ဝင်၍ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ တစ်ရပ်ကို ထူထောင်ထားရှိရမည်။

(ခ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ခွင့်ပြုမိန့်ရရှိသူအား ခွင့်ပြုမိန့်ထုတ်ပေးပြီးနောက် ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း စတင်ချိန်မှ ၃ လ

အတွင်း ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကို လုပ်ငန်းတည်ရှိရာ မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုဘဏ် စာရင်း ဖွင့်လှစ်စေရမည်။

(ဂ) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး၊ မြန်မာ့ပုလဲထုတ်လုပ်ရေး နှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ကိုယ်စားလှယ်တစ်ဦး၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ၏ ကိုယ်စားလှယ်တစ်ဦးတို့၏ အမည်ဖြင့် ငွေစုဘဏ်စာရင်း ဖွင့်လှစ်ရမည်။

(ဃ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လုပ်ငန်းလုပ်ဆောင်မှုများကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ခွင့်ပြုမိန့် ရရှိသူတို့က ညှိနှိုင်း၍ သတ်မှတ်ဆောင်ရွက်ရမည်။

(င) ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် ရန်ပုံငွေကို ထုတ်ယူသုံးစွဲမည်ဆိုပါက သက်ဆိုင်

ရာဝတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့နှင့် ဝန်ကြီးဌာန၏ သဘောတူညီချက် ရယူရမည်။

(စ ) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါ ပုလဲမွေးမြူ ထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရပ်စဲ သို့မဟုတ် ဖျက်သိမ်းလျှင် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းကို ဝန်ကြီးဌာန၏ အတည်ပြု ချက်ရရှိပြီးမှသာလျှင် အပြီးသတ် ပိတ်သိမ်း ရမည်။

(ပုံ) အုန်းဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄ ခွဲ (၂) ၁၉ / သတ္တု (၄၅၁၉)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတဦးစီးရုံးများ

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သတ္တုတွင်းဦးစီးဌာန

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်တည့်သွင်းကြေညာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

မင်းမင်းဦး
အမြဲတမ်းအတွင်းဝန်